FOUNDATION

**Press Release**

## အကြိမ် ၂၀ မြောက်အရှေ့တောင်အာရှအသက် (၂၀) နှစ်အောက် (အမျိုးသား) ဘော်လီဘောပြိုင်ပွဲအား အေးရှားဝေါလ်ဖောင်ဒေးရှင်းမှ ဂုဏ်ယူစွာပံ့ပိုးကူညီ

- အရှေ့တောင်အာရှရှိ မြန်မာနိုင်ငံအပါအဝင် အသက် ၂ဝနှစ်အောက်(အမျိုးသား) ဘော်လီဘော အသင်း ၃သင်း ဝင်ရောက်ယှဉ်ပြိုင်

**ရန်ကုန်- ဇူလိုင်လ ၁၂ ရက်၊ ၂ဝ၁၈ ခုနှစ်** - အေးရှားဝေါလ်ကုမ္ပဏီမှ ဖွဲ့စည်းတည်ထောင်ထားသော ပြည်သူ့အကျိုးပြုအဖွဲ့ အစည်းတစ်ခုဖြစ်သည့် အေးရှားဝေါလ်ဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံတစ်ဝန်း ကောင်းမွန်သော လူမှုအဖွဲ့အစည်းတိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ်လုပ်ဆောင်လျက်ရှိရာ အကြိမ် ၂၀ မြောက် အရှေ့တောင်အာရှ အသက် (၂၀)နှစ် အောက် (အမျိုးသား) ဘော်လီဘောပြိုင်ပွဲကို အဓိကပံ့ပိုးသူအဖြစ် ဂုဏ်ယူဝမ်းမြောက်စွာ လက်ခံကျင်းပလျက်ရှိပါသည်။

မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် အဆိုပါအားကစားပြိုင်ပွဲကို မြန်မာနိုင်ငံ၊ နေပြည်တော်တွင် ဇူလိုင်လ ၁၂ ရက်နေ့မှ ၁၆ ရက်နေ့ အထိ ကျင်းပလျက်ရှိပါသည်။ အားကစားပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိ မိုးလုံလေလုံအားကစားရုံ အတွင်းကျင်းပလျက်ရှိပြီး ပြိုင်ပွဲဝင်အသင်းများအဖြစ် မြန်မာနိုင်ငံကိုယ်စားပြု အသင်း ၂ သင်း၊ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ကိုယ်စားပြုအသင်းတစ်သင်းစီ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပါသည်။



*၂၀ ကြိမ်မြောက် အရှေ့တောင်အာရှ အသက် ၂၀ နှစ်အောက် (အမျိုးသား) ဘော်လီဘောပြိုင်ပွဲ နေပြည်တော် ဝဏ္ဏသိဒ္ဓိ မိုးလုံလေလုံ အားကစားရုံ ၌ ကျင်းပခဲ့သည်။*

မြန်မာဘော်လီဘောအဖွဲ့ချုပ်၏ ဥက္ကဌဖြစ်သူ ဦးထွန်းမြင့်နိုင် မှ " အေးရှားဝေါလ်ဖောင်ဒေးရှင်းအနေနဲ့ လူထုကျန်းမာရေးဟာ အဓိက ကျတဲ့ကိစ္စတစ်ခုဖြစ်ပါတယ်။ ကျန်းမာတဲ့ ဘဝနေထိုင်မှုစနစ်အတွက် အားကစားဟာ အရေးပါတဲ့ အခန်းကဏ္ဍ ဖြစ်ပါတယ်။ ယခုအားကစားပြိုင်ပွဲမှာ အေးရှားဝေါလ်ဖောင်ဒေးရှင်းမှ ဒုတိယအကြိမ်မြောက် လက်ခံကျင်းပပေးခြင်းဖြစ်ပြီး ထူးချွန်ထက်မြက်သည့် နိုင်ငံဂုဏ်ဆောင်ဘော်လီဘောအားကစားသမားများ မွေးထုတ်ပေးနိုင်ရန် ဂုဏ်ယူဖွယ်ကောင်းမြောက်စွာ ကူညီထောက်ပံ့ပေးနေခြင်းလည်းဖြစ်ပါတယ်။ ယခု ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အချို့သော ကစားသမားများမှာ ဒေသတွင်း (Regional) အဆင့်ပြိုင်ဖက်အသင်းများနှင့် ပထမဦးဆုံးအကြိမ် ယှဉ်ပြိုင်ကစားရခြင်းလည်းဖြစ်ပါသည်။ ယခုလိုပြိုင်ပွဲများမှ လူငယ်အားကစားသမားများ၏ အရည်အသွေးကို စမ်းသပ်ထုတ်ဖော်နိုင်ခွင့်ရရှိမည်ဖြစ်ပြီး အိမ်ရှင်မြန်မာနိုင်ငံ၏ ဧည့်ဝတ်ကျေပွန်မှုနှင့် ပြိုင်ပွဲ၏အနှစ်သာရကို တစ်ပြိုင်နက်တည်း ခံစားနိုင်မည်ဖြစ်ပါသည်။" ဟု ပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံကိုယ်စားပြုဘော်လီဘောအသင်းကြီး အကောင်းဆုံး ယှဉ်ပြိုင်ကစားနိုင်ပါစေကြောင်း အေးရှားဝေါလ်ဖောင်ဒေးရှင်းမှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

-- END –

**အေးရှားဝေါလ်ဖောင်ဒေးရှင်းအကြောင်း**

အေးရှားဝေါလ်ဆောင်ဒေးရှင်းသည် မြန်မာနိုင်ငံသားများအတွက် ကောင်းမွန်ပြည့်စုံသော လူနေမှုဘဝရရှိရေးကိုဖော်ဆောင်သော စီမံကိန်းများတွင် ပါဝင်ကူညီဆောင်ရွက်ရန် သံဓိဌာန်ချမှတ်ထားပါသည်။ အေးရှားဝေါလ်ဖောင်ဒေးရှင်းသည် အေးရှားဝေါလ်ကုမ္ပဏီ စတင်တည်ထောင်ခဲ့သည့်အချိန်မှစ၍ ပရဟိတလုပ်ငန်းများဆောင်ရွက်ရာတွင် တက်ကြွစွာ ပါဝင်ပံ့ပိုးလျက်ရှိပြီး ပညာရေး၊ သဘာဝဘေးအန္တရာယ်ပြန်လည်ထူထောင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး အစရှိသည့် ကဏ္ဍများတွင် လှူဒါန်းမှုများ ဆောင်ရွက်လျက် ရှိပါသည်။

တိုးတက်ကောင်းမွန်သော လူ့အဖွဲ့အစည်း တည်ထောင်ရာတွင် ပညာရေးသည် အရေးပါသော အခြေခံဖြစ်သည်ဟု အေးရှားဝေါလ်ဖောင်ဒေးရှင်းမှ ယုံကြည်ထားပါသည်။ သဘာဝဘေးအန္တရာယ် ဖြစ်စဉ်များအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များသည်လည်း လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော အခန်းကဏ္ဍတစ်ခုပင်ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံသားများ၏ ကိုယ်ရောစိတ်ပါ ကျန်းမာမှုသည် နိုင်ငံ၏ ကြံ့ခိုင်မှုပင် ဖြစ်ပါသည်။ အေးရှားဝေါလ်ဖောင်ဒေးရှင်းသည် ကျန်းမာရေး စောင့်ရှောက်မှုများ လိုအပ်နေသော ကျေးရွာဒေသများတွင် ကျန်းမာရေး စစ်ဆေးမှုများနှင့် ဆေးကုသမှုများစီစဉ်ဆောင်ရွက်ပေးလျက် ရှိပါသည်။ ဘောလုံးနှင့် ဘော်လီဘော အစရှိသော အားကစားကဏ္ဍများတွင်လည်း ကူညီပံ့ပိုးပေးလျက်ရှိပါသည်။

ပြည်သူများ၏ လူနေမှုဘဝများ၊ မိသားစုများနှင့် လူမှုအဖွဲ့အစည်းများအပေါ်တွင် ကောင်းမွန်သော အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေရန် ထိရောက်သော ပံ့ပိုးကူညီမှုများပြုလုပ်ပေးခြင်းသည် အေးရှားဝေါလ်ဖောင်ဒေရှင်း၏ ရည်ရွယ်ချက်ပင်ဖြစ်ပါသည်။